သို့

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်
ကုလသမဂ္ဂအထွေထွေညီလာခံ

၂၀၂၅ ခုနှစ်၊ မတ်လ၊ ၁၇ ရက်နေ့

**အိတ်ဖွင့်ပေးစာ။ ။အထူးကိုယ်စားလှယ်၏ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခရှိနေမှုက စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် နှင့် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို အဆုံးသတ်ရန် အရေးတကြီး လိုအပ်နေမှုကို ဖော်ပြနေသည်။**

ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် (António Guterres) အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဂျူလီဘိရှော့ (Julie Bishop) ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ ရှိ၊ မရှိကို အမြန်ဆုံးစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး တွေ့ရှိချက်များကို အများပြည်သူသို့ အသိပေးချပြရန် အောက်တွင်လက်မှတ်ရေးထိုးထားသော မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်း ၂၉၀ ဖွဲ့တို့က တောင်းဆိုလိုက်သည်။ ထို့အပြင် ကုလသမဂ္ဂအထွေထွေညီလာခံ (United Nations General Assembly - UNGA) အနေဖြင့်လည်း ယင်း အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အာဏာကို အမြန်ဆုံးရပ်တန့်ရန်နှင့် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် အထွေထွေအတွင်းရေးမှူးချုပ်မှ တိုက်ရိုက်ဦးစီးလုပ်ဆောင်ရန် မိမိတို့မှ တိုက်တွန်း တောင်းဆိုသည်။

အထူးကိုယ်စားလှယ်၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံတွင် လုပ်ကိုင်လျက်ရှိသော Shenghe Resources နှင့် China Communications Construction Company အပါအဝင် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် အတည်ပြုထားသော သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်အစိုးရပိုင်ကုမ္ပဏီများနှင့် ဆက်နွယ်မှုများ ရှိနေကြောင်းကို မိမိတို့မှ အံ့သြဖွယ် သိရှိရသည်။ သူမ၏ တရုတ်အစိုးရပိုင်ကုမ္ပဏီများနှင့် ဆက်နွယ်နေမှုသည် တရုတ်နိုင်ငံနှင့် ထိတွေ့ဆက်ဆံရန် လိုအပ်သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တစ်ဦးအနေဖြင့် ရှိရမည့် သမာသမတ်ကျမှုနှင့် လွတ်လပ်အမှီအခိုကင်းမှုအပေါ် အလွန်ပင်ကြီးမားသော စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ တရုတ်နိုင်ငံသည် တရားမဝင် မြန်မာစစ်အုပ်စုအတွက် စစ်ဘက်ဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် မှားယွင်းသော တရားဝင်မှုကို ပံ့ပိုးပေးနေသော ထိပ်တန်းအရင်းအမြစ်တစ်ခု အဖြစ် ဆက်လက်တည်ရှိနေသည်ဖြစ်ရာ ထိုကဲ့သို့သော အကျိုးစီးပွားဆိုင်ရာပဋိပက္ခ ရှိနေခြင်းသည် မြန်မာပြည်သူ များ၏ လူ့အခွင့်အရေးအပေါ် ခြိမ်းခြောက်မှုများစွာ ဖြစ်ပေါ်စေသည်။ မြန်မာစစ်အုပ်စုမှ မြန်မာပြည်သူများအပေါ် ဆက်လက်လုပ်ဆောင်နေသည့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို တရုတ်အစိုးရက အားပေးကူညီလျက်ရှိနေကြောင်းကို အထောက်အထားများက ဖော်ပြထားပြီး ဖြစ်သည်။

ယခုအထိမြင်တွေ့ရသော ကုလသမဂ္ဂ၏ တုံ့ပြန်မှုသည် လုံးဝပင် လက်ခံနိုင်စရာမရှိပေ။ ခန့်အပ်တာဝန် ပေးခဲ့သူ ဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် အထူးကိုယ်စားလှယ်၏ သမာသမတ်ကျမှုနှင့် ဘက်လိုက်မှုကင်းစင်ရေး သေချာစွာလုပ်ဆောင်စေရန် အတွက် မြန်မာပြည်သူများအား တာဝန်ခံရန် တာဝန်အပြည့်ရှိနေသည်။ ကုလသမဂ္ဂသည် မြန်မာပြည်သူများ၏ အသက်များစွာအပေါ် အန္တရာယ်ဖြစ်စေမည့် ဖြောင်ကျလှသော စီးပွါးရေး ဆိုင်ရာအကျိုးစီးပွားများရှိနေသည့် အထူးကိုယ်စားလှယ်အား

မြန်မာနိုင်ငံ၏အကျပ်အတည်း ဖြေရှင်းရန်တာဝန်ကို ဆက်လက်ပေးအပ်ထားမည် ဆိုပါက အလွန်ပင်ကျိုးကြောင်းဆင်ခြင်မှု နည်းပါးလှသော လုပ်ရပ်ပင် ဖြစ်သည်။

ယခုမြင်တွေ့ရသော အထူးကိုယ်စားလှယ်၏ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခသည် အထူးကိုယ်စားလှယ်များနှင့် "တွေ့ဆုံဆွေးနွေးမှုများ" မှတစ်ဆင့် ငြိမ်းချမ်းရေးအကျိုးဆောင်ရန် ဆယ်စုနှစ်များစွာကြာလုပ်ဆောင်သော ကုလသမဂ္ဂ၏ ကြိုးပမ်းမှုများက မြန်မာပြည်သူများအတွက် အဓိပ္ပါယ်ရှိသည့် အပြုသဘောဆောင်သော အပြောင်းအလဲများ ဆောင်ကြဉ်းပေးနိုင်မှု လုံးဝမရှိကြောင်းကို နောက်ဆုံး ထပ်မံသတိပေးမှုပင်ဖြစ်သည်။ ယင်းအစား ယခုကဲ့သို့သော ချဉ်းကပ်မှုသည် စစ်အုပ်စုမှ ၎င်း၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်း ကင်းလွတ်စွာဖြင့် ဆက်လက် ကျူးလွန်စေသည်သာမကမြန်မာပြည်သူများအား ထိခိုက်လုပ်ဆောင်ရန် ပိုမို အတင့်ရဲစေမည်သာဖြစ်သည်။ ထိုခေတ်နောက်ကျပြီးထိရောက်မှုမရှိသော လုပ်ပိုင်ခွင့်အာဏာကို ဖျက်သိမ်းရန် ယခင်ကတည်းကပင် အရပ်ဘက်လူထုအဖွဲ့အစည်းများက ကုလသမဂ္ဂအား [တောင်းဆိုခဲ့ကြပြီး] ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် ပျက်စီးဆုံးရှုံးမှုများအားဖြစ်ပေါ်စေသည့် ၎င်း၏ချဉ်းကပ်မှုကို မြန်မာပြည်သူများ၏ လူ့အခွင့်အရေးအား အပြည့်အဝလေးစားပြီးစစ်အာဏာရှင်စနစ် အမြစ်ဖြတ်မည့် ၎င်းတို့၏စုပေါင်းဆန္ဒကို ပံ့ပိုးမှု ဖြစ်စေမည့် အခြေခံမှုများအပေါ်ရပ်တည်သော၊ ကျင့်ဝတ်နှင့်ညီသော ဟန်ချက်ညီ အားထုတ်မှုများအဖြစ် ပြောင်းလဲဆောင်ရွက်ရမည် ဖြစ်သည်။

ယခုအချိန်သည် မြန်မာနိုင်ငံအကျပ်အတည်းအပေါ် ကုလသမဂ္ဂ၏ အဆင့်နိမ့်တာဝန်လွှဲအပ်မှုကိုနောက်ဆုံး အဆုံးသတ်ရမည့်အချိန်ဖြစ်သည်။ အထူးသဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အထူးကိုယ်စားလှယ်၏အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခကြောင့် မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အပေါ် အန္တရာယ်ကျရောက်စေသည့် အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အာဏာကို ချက်ချင်းရုပ်သိမ်းရန် UNGA အား မိမိတို့မှတိုက်တွန်းတောင်းဆိုသည်။

အထွေထွေအတွင်းရေးမှူးချုပ် အနေဖြင့် ဤအကျိုးစီးပွားဆိုင်ရာ ပဋိပက္ခနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ခု အမြန်ဆုံးလုပ်ဆောင်ပြီး တွေ့ရှိချက်များကို အများပြည်သူအား ချပြရန် မိမိတို့မှ ထပ်မံတောင်းဆိုသည်။ အထွေထွေ အတွင်းရေးမှူးချုပ်သည် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သောကျူးလွန်မှုများကို အဆုံးသတ်ရန်၊ နိုင်ငံတကာဥပဒေ အောက်တွင် ပြစ်မှုကျူးလွန်သူများအား တာဝန်ယူမှုတာဝန်ခံမှု ရှိလာစေရေး ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် အားလုံးပါဝင်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းနေကြသော မြန်မာပြည်သူများ၏ တော်လှန်ရေးကို ခိုင်မာအားကောင်းစွာထောက်ခံပံ့ပိုးပေးရန် တို့အတွက် ဦးဆောင်မှုအခန်းကဏ္ဍကို အရေးတကြီးရယူဆောင်ရွက်ရမည် ဖြစ်သည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်


- မူလန်၊ သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု၊ bloodmoneycampaign21@protonmail.com
- နော်အောင်၊ မြန်မာ့ဒီမိုကရေစီကာကွယ်မြှင့်တင်ရေးလှုပ်ရှားမှု၊ communication@defendmyanmardemocracy.org
- နော်ချယ်ရီ၊ ကရင်ငြိမ်းချမ်းရေးအထောက်ကူပြုကွန်ယက် ၊ kpsn14@gmail.com
- ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org

ယခုအိတ်ဖွင့်ပေးစာကို အမည်မဖော်ပြလိုသည့် အရပ်ဘက်လူထုအဖွဲ့အစည်း ၄၁ ဖွဲ့အပါအဝင် အရပ်ဘက်လူထုအဖွဲ့အစည်း စုစုပေါင်း ၂၉၀ ဖွဲ့တို့က လက်မှတ်ရေးထိုးထားပါသည်။

1. 5/ of Zaya State Strike
2. 8888 Generation (New Zealand)
3. A-Yar-Taw People Strike
4. Action Committee for Democracy Development (ACDD)
5. Action Committee of Basic Education Students (ACBES)
6. Ah Nah Podcast – Conversations with Myanmar
7. All Arakan Students' & Youths' Congress – AASYC
8. All Aung Myay Thar San Schools Strike Force
9. All Burma Democratic Front in New Zealand
10. All Burma Federation of Student Unions (Monywa District)
11. Alliance of Students' Union – Yangon (ASU-Yangon)
12. Anti-Junta Alliance Yangon – AJAY
13. Anti-junta Forces Coordination Committee (Mandalay)
14. Arakan Youth Peace Network – AYPN
15. Asian Forum for Human Rights and Development (FORUM-ASIA)
16. Asian Health Institute (AHI)
17. Assistance Association for Political Prisoners (AAPP)
18. Association of Human Rights Defenders and Promoters (HRDP)
19. Association Suisse-Birmanie
20. Athan—Freedom of Expression Activist Organization
21. Auckland Kachin Community NZ
22. Auckland Zomi Community
23. Aung San Suu Kyi Park Norway
24. Ayeyarwaddy West Development Organisation (AWDO), Nagphe
25. Ayeyarwaddy West Development Organisation (AWDO), Magway
26. Ayeyawady Youth Network (AYN)
27. Basic Education General Strike Committee (BEGSC)
28. Basic Education Worker Unions - Steering Committee (BEWU-SC)
29. Blood Money Campaign (BMC)
30. Boat People SOS (BPSOS)
31. Burma Action Ireland
32. Burma Campaign UK (BCUK)
33. Burma Human Rights Network (BHRN)

34. Burma Task Force
35. Burmese Community Group (Manawatu, NZ)
36. Burmese Rohingya Organisation UK (BROUK)
37. Burmese Rohingya Welfare Organisation New Zealand
38. Burmese Women's Union (BWU)
39. Campaign for a New Myanmar
40. CDM Medical Network (CDMMN)
41. Chanmyatharzi Township People's Strike
42. Chaung Oo Township Youth Strike Committee
43. Chin Community in Norway
44. Chin Community of Auckland
45. Chin Human Rights Organization (CHRO)
46. Chindwin (West) Villages Women Strike
47. Civil Information Network (CIN)
48. Civil Rights Defenders (CRD)
49. Civil Society Organizations Coordination Committee (Monywa)
50. Co-operative University Mandalay Students' Strike
51. Coalition Strike Committee – Dawei
52. CRPH & NUG Supporters Ireland
53. CRPH Funding Ireland
54. CRPH, NUG Support Team Germany
55. Daung Sitthe Strike
56. Dawei (Ashaetaw) Women Strike
57. Dawei Youths Revolutionary Movement Strike Committee
58. Defend Myanmar Democracy (DMD)
59. Democracy Youths Myanmar
60. Democracy, Peace and Women's Organization
61. Democratic Party for a New Society, Norway
62. Depayin Township Revolution Steering Committee
63. Depayin Women Strike
64. Doh Atu – Ensemble pour le Myanmar
65. Educational Initiatives Prague
66. Equality Myanmar (EQMM)
67. Ethnic Youth General Strike Committee (Mandalay)
68. ETOs Watch Coalition
69. Federal Corner

70. Federal Myanmar Benevolence Group (NZ)
71. Former Political Prisoners and New Generation Group – Monywa
72. Free Burma Campaign (South Africa) (FBC(SA))
73. Friends Against Dictatorship (FAD)
74. Future Light Center (FLC)
75. Gangaw Women Strike
76. General Strike Collaboration Committee (GSCC)
77. General Strike Committee of Basic and Higher Education (GSCBHE)
78. General Strike Coordination Body (GSCB)
79. Generation Wave (GW)
80. Generations' Solidarity Coalition of Nationalities (GSCN)
81. Group for Democracy in Myanmar (The Netherlands)
82. HTY Scout Channel
83. Human Rights Foundation of Monland (HURFOM)
84. Human Rights Promoter
85. India for Myanmar
86. Industries Strike
87. Info Birmanie
88. Information & Scout News (Hlaing)
89. Institute for Asian Democracy
90. International Association, Myanmar-Switzerland (IAMS)
91. International Campaign for the Rohingya
92. Italia-Birmania.Insieme
93. Justice & Equality Focus (JEF)
94. Justice For All
95. Justice For Myanmar (JFM)
96. Justice Movement for Community-Innlay
97. K'cho Ethnic Association (Europe)
98. Kachin Association Norway
99. Kachin Student Union
100. Kachin Women's Association Thailand (KWAT)
101. Kalay Township Strike Force
102. Kalay Women Strike
103. Kamayut Scout Channel
104. KantBaLu Strike Committee
105. Karen Human Rights Group (KHRG)

106. Karen Peace Support Network (KPSN)
107. Karenni Human Rights Group (KnHRG)
108. Karenni Humanitarian Aid Initiative (KHAI)
109. Karenni National Women's Organization (KNWO)
110. Karenni Society New Zealand
111. Kayan Rescue Committee (KRC)
112. Kayaw Women Association
113. Keng Tung Youth
114. Kyae Lak Myay
115. Kyain Seikgyi Spring Revolution Leading Committee
116. Kyauktada Strike Committee (KSC)
117. Latpadaung Region Strike Committee
118. Let's Help Each Other (LHEO)
119. LGBT Alliance
120. LGBT Alliance Myanmar (Kalay Region)
121. LGBT Alliance Myanmar (Kyaukse Region)
122. LGBT Community Yangon
123. LGBT Union – Mandalay
124. Magway People's Revolution Committee
125. Magway Region Human Rights Network
126. Maharaungmyay Township People's Strike
127. Mandalar University Students' Strike
128. Mandalay Alliance Coalition Strike
129. Mandalay Medical Family (MFM)
130. Mandalay Strike Force (MSF)
131. Mandalay Women Strike
132. Mandalay Youth Strike
133. Mandalay-based People's Strike
134. Mandalay-Based University Students' Unions (MDY_SUs)
135. MATA Sagaing
136. Mayangone News
137. MayMyo Strike Force
138. Metta Campaign Mandalay
139. Monywa LGBT Strike
140. Monywa People's Strike Steering Committee
141. Monywa Women Strike

142. Monywa-Amyint Road Strike Leading Committee
143. Monywa-Amyint Road Women Strike
144. Multi-Religions Strike
145. Mya Taung Strike
146. Myanmar Accountability Project (MAP)
147. Myanmar Action Group Denmark
148. Myanmar anti-military coup movement in New Zealand
149. Myanmar Catholic Community In Norway
150. Myanmar Community Group Christchurch New Zealand
151. Myanmar Community Group Dunedin New Zealand
152. Myanmar Community in Norway
153. Myanmar Engineers - New Zealand
154. Myanmar Gonye (New Zealand)
155. Myanmar Hindu Union
156. Myanmar Institute of Information Technology Students' Strike
157. Myanmar Labor Alliance (MLA)
158. Myanmar People Alliance (Shan State)
159. Myanmar Students' Union in New Zealand
160. Myaung Youth Network
161. MyaYar Knowledge Tree
162. Myingyan Civilian Movement Committee
163. Nelson Myanmar Community Group New Zealand
164. Network for Human Rights Documentation – Burma (ND-Burma)
165. Network of University Student Unions – Monywa
166. New Myanmar Foundation
167. New Power Generation
168. New Zealand Campaign for Myanmar
169. New Zealand Doctors for NUG
170. New Zealand Karen Association
171. New Zealand Zo Community Inc.
172. NLD Organization Committee (International) Norway
173. No Business With Genocide
174. No.12 Basic Education Branch High School (Maharaungmyay) Students' Union
175. NOK Information & Scout Echo
176. North Dagon & East Dagon News
177. Norway Matu Community

178. Norway Rvwang Community
179. OCTOPUS (Youth Organization)
180. Overseas Mon Association. New Zealand
181. Pale Township People’s Strike Steering Committee
182. Peace and Social Justice Group
183. Progressive Muslim Youth Association (PMYA)
184. Progressive Voice (PV)
185. Pwintphyu Development Organisation (PDO)
186. Pyi Gyi Tagon Strike Force
187. Pyithu Gonye (New Zealand)
188. Queers of Burma Alternative (QBA)
189. Representative Committee of University Teacher Associations (RC of UTAs)
190. Rohingya Action Ireland
191. Rohingya Community in Norway
192. Rohingya Progressive Network
193. Rvwang Community Association New Zealand
194. Samgha Sammaga-Mandalay
195. Save Myanmar Fundraising Group (New Zealand)
196. SEA Junction
197. Seinpann Strike
198. Shan Community (New Zealand)
199. Shan MATA
200. Shwe Pan Kone People’s Strike Steering Committee
201. Sisters2Sisters
202. Sitt Nyein Pann Foundation
203. South Dagon Scouting Infos (SDG)
204. Southern Dragon Myanmar
205. Southern Initiative
206. Southern Youth Development Organization (SYDO)
207. Sujata Sisters Group (NZ)
208. Support Group for Democracy in Myanmar ( the Netherlands)
209. Synergy - Social Harmony Organization
210. Tamar Institute of Development
211. Tamwe Nway Oo Channel
212. Taze Strike Committee
213. Taze Women Strike

214. Thaketa & Dawbon Scout Channel
215. Thakhin Kodaw Mhine Peace Network (Monywa)
216. Thayat Chaung Women Strike
217. The 88 Generation Peace and Open Society (Monywa)
218. The Mekong Butterfly
219. Triangle Women Organization
220. Twitter Team for Revolution (TTFR)
221. U.S. Campaign for Burma
222. Union of Karenni State Youth (UKSY)
223. University Students’ Unions Alumni Force
224. Volunteers in Myanmar
225. Wetlet Revolution Leading Committee
226. Wetlet Township Women Strike
227. White Coat Society Yangon (WCSY)
228. Women Advocacy Coalition – Myanmar (WAC-M)
229. Women Alliance Burma (WAB)
230. Women Lead Resource Center (WLRC)
231. Women’s League of Burma (WLB)
232. Yadanabon University Students’ Union (YDNBUSU)
233. Yangon Deaf Group
234. Yangon Women Strike
235. Yasakyo Township People`s Strike Steering Committee
236. Yinmarpin and Salingyi All Villages Strike Committee
237. Youth Empowerment
238. Youth for Democratization of Myanmar (UDM)
239. Youth Scout For Democracy (YSD)
240. Zomi Christian Fellowship of Norway
241. Zomi Community Norway
242. ကြာအင်းဆိပ်ကြီးမြို့သပိတ်အင်အားစု
243. ဂန့်ဂေါဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
244. မင်းဘူးတောင်သူများအစုအဖွဲ့
245. မင်းလှတောင်သူများအစုအဖွဲ့
246. ယိမ်းနွဲ့ပါး
247. သမိုင်းသယ်ဆောင်သူများ
248. အညာလွင်ပြင်ရပ်ဝန်း
249. မန်းဆုံစည်းရာ